# ဘင်္ဂလားဒေ့ရှ် - ရဲတပ်ဖွဲ့၏ အကျင့်ပျက်ခြစားမှု၊ ရိုဟင်ဂျာဒုက္ခသည်များကို ညှဉ်းပန်းနှိပ်စက်မှုအတွက် တာဝန်ခံမှုရှိစေရန်ဆောင်ရွက်ရန်လိုအပ်ခြင်း

## ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့သည် ရိုဟင်ဂျာဒုက္ခသည်များထံမှ တရားမဝင်ငွေညှစ်ရန် ညှဉ်းပန်းနှိပ်စက်မှုများ အသုံးပြုသည်။

(ဘန်ကောက်၊ ဩဂုတ်လ ၁၀ ရက်နေ့၊ ၂၀၂၃ ခုနှစ်) – ညှဉ်းပန်းနှိပ်စက်မှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် နှောင့်ယှက်မှုများ အပါအဝင် ရိုဟင်ဂျာဒုက္ခသည်များအပေါ် ခြိမ်းခြောက်ငွေညှစ်မှုနှင့် အကြမ်းဖက်မှုများ အတွက် တာဝန်ရှိသည့် ရဲအရာရှိများကို ဘင်္ဂလားဒေ့ရှ် အစိုးရအနေဖြင့် စုံစမ်းစစ်ဆေးပြီး တာဝန်ခံစေရန် ဆောင်ရွက်သင့်သည်ဟု Fortify Rights အဖွဲ့မှ ယနေ့ ပြောကြားလိုက်ပါသည်။ Fortify Rights ၏ စုံစမ်းစစ်ဆေးမှုအသစ်တွင် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့၏ အထူးတိုက်ခိုက်ရေးတပ်ဖွဲ့ (APBn) - လက်နက်ကိုင် ရဲတပ်ရင်း (APBn) မှ အဖွဲ့ဝင်များသည် ငွေညှစ်သည်ဟုထင်ရှားသည့် တရားမဝင်အခငွေများတောင်းကာ ရိုဟင်ဂျာဒုက္ခသည်များကို မတရားဖမ်းဆီးနှိပ်စက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။

Fortify Rights ၏ စုံစမ်းစစ်ဆေးမှုတွင် ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့သည် ရိုဟင်ဂျာဒုက္ခသည်အချို့ထံမှ အမေရိကန် ဒေါ်လာထောင်ပေါင်းများစွာနှင့် ညီမျှသော ငွေများကို ညှစ်ယူရန် နံပတ်တုတ်များဖြင့်ရိုက်ခြင်း၊ လည်ပင်း ညှစ်ခြင်းနှင့် အခြားသော ညှဉ်းပန်းနှိပ်စက်မှုများကိုပြုလုပ်ခဲ့ ကြောင်းတွေ့ရှိရပါသည်။

“ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့က မတရားတဲ့ငွေတွေတောင်းဖို့ ရိုဟင်ဂျာဒုက္ခသည်တွေကို စိတ်ရောကိုယ်ပါ နာကျင် စေအောင်လုပ်ပြီး လူသား ငွေထုတ်စက်များ သဖွယ်အသုံးပြုနေသည်” ဟု Fortify Rights ၏ အမှုဆောင်အရာ ရှိချုပ် မက်သယူးစမစ် (Matthew Smith) က ပြောကြားလိုက်ပါသည်။ “ဒါကာမြို့အာဏာပိုင်များအနေနဲ့ ရဲတပ်ဖွဲ့ကို ချက်ချင်းကိုင်တွယ်ပြီး ရဲတပ်ဖွဲ့အတွင်း အကျင့်ပျက်ခြစားမှုနှင့် အပြစ်ပေးခံရမှုမှ လွတ်မြောက်နေမှု တွေကို အဆုံးသတ်ရပါမယ်။ အစိုးရအနေဖြင့် APBn မှ ကျူးလွန်ခဲ့သည့် ချိုးဖောက်မှုများအပေါ် လွတ်လပ်ပြီး သမာသမတ်ကျတဲ့ စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်သင့်ပြီး ဒုက္ခသည်စခန်းများတွင် လုံခြုံရေးသေချာစေရန် ၎င်းရဲ့ဆောင်ရွက်မှုတွေကို ချက်ချင်းစတင်ပြုပြင်ပြောင်းလဲသင့်ပါတယ်။”

၂၀၂၃ ခုနှစ် မတ်လနှင့် မေလကြားတွင် Fortify Rights သည် APBn အရာရှိများမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၃ ခုနှစ် မေလအတွင်း ကျူးလွန်ခဲ့သော မတရားဖမ်းဆီးထိန်းသိမ်းခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့်

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

ငွေညှစ်ခြင်း အပါအဝင် စနစ်တကျ ချိုးဖောက်မှုများကို အသေးစိတ်ပြောကြားလာသည့် ရိုဟင်ဂျာဒုက္ခသည် ၁၄ ဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ Fortify Rights သည် ၎င်း၏ စုံစမ်းစစ်ဆေးမှုတစ်စိတ်တစ်ပိုင်းအဖြစ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်သား များနှင့် အခြားအခြားသော ပုဂ္ဂိုလ်အချို့နှင့်လည်း ဆွေးနွေးမေးမြန်းခဲ့ပါသည်။

ဥပမာအားဖြင့် ၂၀၂၃ ခုနှစ် မေလတွင် APBn မှ အရာရှိ ဆယ်ဦးကျော်သည် မြန်မာနိုင်ငံမှ အသက် ၃၀ အရွယ် ရိုဟင်ဂျာဒုက္ခသည်တစ်ဦးအား အကြောင်းမဲ့ဖမ်းဆီးခဲ့ပါသည်။

> “ကျွန်တော့်ကိုဖမ်းတာ ဘာအကြောင်းပြချက်မှမရှိဘူး။ ကျွန်တော်အိမ်မှာ အေးဆေးလဲနေတဲ့အချိန် သူတို့ (APBn) လာပြီး ကျွန်တော့်ကို ဖမ်းသွားတယ်။ ည ၁၁ နာရီ သို့မဟုတ် သန်းခေါင်ယံအချိန် လောက်ဖြစ်မယ်။ ရဲတွေလာတော့ “ကျွန်တော်ဘာအမှားလုပ်လို့လဲ” ပြီးတော့ “ခင်ဗျားတို့နဲ့ ဘာလို့ လိုက်ခဲ့ရမှာလဲ” လို့ ကျွန်တော်မေးတယ်။ ကျွန်တော့်ညီမကို ဗွီဒီယိုရိုက်ထားဖို့ပြောလိုက်တော့ ရဲတွေ က ဖုန်းကိုလုယူလိုက်ပြီး ကျွန်တော့်ကို ရိုက်တယ်။ ကျွန်တော် မလိုက်ဖို့ငြင်းတော့ သူတို့ ကျွန်တော့်ကို ထပ်ရိုက်တယ်။ ပြီးတော့ ကျွန်တော် ဘာအမှားလုပ်လဲဆိုတာ သူတို့က သက်သေပြမယ်လို့ ပြောခဲ့ တယ်။ သူတို့က “မင်းငါတို့နဲ့လိုက်ခဲ့ ဟိုရောက်ရင် မင်းကိုပြမယ်” ဟု သူက Fortify Rights သို့ ဆိုပါ သည်။

APBn က သူ့ကို ရဲတန်းလျားမှာ လေးရက်ကြာ ထိန်းသိမ်းထားပေမယ့် ဘာကြောင့် ဖမ်းဆီးထိန်း သိမ်းထား တယ် ဆိုတာ မပြောခဲ့ဘူးလို့ သူကဆိုပါသည်။ APBn တွင် ထိန်းသိမ်းခံထားရစဉ် ရဲများက သူ့ကို တစ်နေ့လုံး လက်ထိပ်ခတ်ပြီး တစ်ကိုယ်လုံး ရိုက်နှက်ခဲ့ကြောင်းလည်း သူကပြောပါသည်။

> သူတို့တွေ အနက်ရောင်တုတ်တွေကိုင်ထားတယ်၊ ပြီးတော့ အဲ့တုတ်နဲ့ ကျွန်တော့်ကိုရိုက်တယ်။ အဲ့တုတ်က သုံးပေလောက်ရှည်တယ်။ ကျွန်တော် နေရာသုံးခုမှာ အရိုက်ခံရတယ်။ ပထမက ကျွန်တော့် အိမ်ထဲမှာ၊ ဒုတိယနေရာက စစ်ဆေးရေးဂိတ်မှာ၊ ပြီးတော့ တတိယက သူတို့ တန်းလျားထဲ မှာပါ။ သူတို့က ကျွန်တော့် ခန္ဓာကိုယ်နဲ့ ခေါင်းကိုပါ ရိုက်နှက်တယ်။ ကျွန်တော့် ခေါင်းမှာ ဒဏ်ရာဖြစ် သွားတယ်။ သူတို့ ကျွန်တော့် ခြေဖဝါးကိုလည်း ရိုက်ပါတယ်။ ကျွန်တော် တစ်ပတ်လောက် လမ်း တောင် မလျှောက်နိုင်ဘူး။

ဆက်လက်ပြီး သူ ရဲတန်းလျားမှာ ရှိခဲ့စဉ်အခြေအနေတွေကို ပြောပြရာမှာတော့ -

> လေးရက်ကြာအောင် ချုပ်နှောင်ထားတယ်။ ဘာစားစရာမှ မပေးဘူး။ ကျွန်တော့် မိသားစုကတော့ အစားအစာအချို့ လာပေးပါတယ်။ တစ်ခါတစ်လေ သူတို့ ကျွန်တော့်ကို စားခွင့်ပေးတယ်။ တန်းလျား အခန်းတွေက တော်တော်ဆိုးတယ်။ ကျွန်တော်တို့ အိပ်တဲ့နေရာမှာပဲ အပေါ့အပါးသွားရတယ်။ ကျွန်တော်တို့ ၇ ယောက်လောက် ဖမ်းခံထားရတာ။ အိပ်ဖို့ဘာမှ စီစဉ်ထားတာမရှိဘူး၊ ကျွန်တော်တို့ ဒီအတိုင်းပဲ ထိုင်နေခဲ့ရပါတယ်။

ရဲတပ်ဖွဲ့က အဆိုပါအမျိုးသား၏ မိသားစုအား သူလွတ်ရန်အတွက် ဘင်္ဂလားဒေ့ရှ်တာကာ ၃၆၀၀၀၀ (အမေရိကန်ဒေါ်လာ ၃၃၀၀ ခန့်) တောင်းဆိုခဲ့ပါသည်။ “ကျွန်တော့်မိသားစုက ရဲတွေနဲ့ ညှိနှိုင်းပြီး နောက်ဆုံး နေ့မှာ ဘင်္ဂလားဒေ့ရှ်တာကာ ၂၂၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၂၀၀ခန့်) နဲ့ သဘောတူခဲ့တယ်” ဟု သူက ဆက်ပြောပါသည်။ ထိန်းသိမ်းခံရစဉ် ထိုသူအား ဥပဒေကြောင်းအရ ကိုယ်စားပြုခွင့်ပေးခြင်း သို့မဟုတ် ၎င်း၏ အခွင့်အရေးများကို အသိပေးခြင်းမျိုးလုံးဝမရှိခဲ့ပါ။

APBn သည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ စတင်ကာ ကြိမ်ဖန်များစွာ ရိုက်နှက် ဖမ်းဆီးကာ ငွေနှင့် အခြားအဖိုးတန် ပစ္စည်းများကို မတရားညှစ်ယူခဲ့ကြောင်း အသက် ၄၅ နှစ်အရွယ် အခြား ရိုဟင်ဂျာ အမျိုးသားတစ်ဦးမှလည်း Fortify Rights သို့ ပြောကြားခဲ့ပါသည်။ ရဲတပ်ဖွဲ့သည် မက်သမ်ဖတမင်း (methamphetamine) နှင့် ကေဖိန်း (Caffeine)တို့ ပေါင်းစပ်ထားသော ဓာတုစိတ်ကြွဆေး "ယာဘ ခေါ် မြင်းဆေး” ကို ရောင်းချသည်ဟု ၎င်းအားစွပ်စွဲခဲ့ပါသည်။ ထိုအချက်အား သူက ငြင်းဆန်ထားပါ သည်။ ၎င်းမှ အဖြစ်အပျက်တစ်ခုကို ပြန်လည်ပြောပြရာတွင် -

> “ကျွန်တော့်အိမ်မှာပဲ ဆိုးဆိုးဝါးဝါးအရိုက်ခံရတယ်။ မနက် ၁၁ နာရီလောက်မှာ ရဲတွေ ကျွန်တော့်အိမ်ကို ရောက်လောက်ပြီးတော့ “မင်းမှာ “ယာဘ” လုပ်ငန်းနဲ့ ငွေတွေ အများကြီးရှိတယ်လို့ ငါတို့ ကြားထား တယ်။ အဲ့ငွေတွေ ငါတို့ကိုပေး၊ ပြီးရင် အဲ့အကြောင်းကိုပြောပြ” လို့ပြောတယ်။ ကျွန်တော့်အိမ်က ရွှေတွေကို ရဲတွေကလုသွားတယ်။ အဲ့အချိန်က ပစ္စည်းက တန်ဖိုးအားဖြင့် ဘင်္ဂလာဒေ့ရှ်တာကာ ၈ သိန်းဖိုး (အမေရိကန်ဒေါ်လာ ၇၅၅၀ ခန့်) ရှိမယ်ဗျ။ သူတို့ ကျွန်တော့် ဖုန်းနှစ်လုံးနဲ့ ပိုက်ဆံတွေ အများကြီးကိုလည်း ယူသွားပါတယ်” ဟု ၎င်းကဆိုပါသည်။

ထို့နောက် APBn မှ ထိုလူအား နှစ်ည ဖမ်းဆီးကာ ညှဉ်းပန်းနှိပ်စက်ခဲ့ပါသည်။

> “APBn အဖွဲ့မှာ အရာရှိကြီးတစ်ယောက်ပါတယ်ဗျ။ ကျွန်တော့်ကို သူတို့ရုံးတွေဆီခေါ်သွားပြီး နှစ်ရက် ဖမ်းဆီးထားတယ်။ သူတို့က ကျွန်တော့်ကိုလွှတ်ဖို့ ဘင်္ဂလာဒေ့ရှ်တာကာ ၃၆၀၀၀၀ (အမေရိကန် ဒေါ်လာ ၃၃၀၀ခန့်) တောင်းတယ်။ ကျွန်တော့်မိသားစုကတော့ အဲ့ဒီပိုက်ဆံရဖို့စီစဉ်ခဲ့ရတယ်။

> ကျွန်တော့်ကို ရဲစခန်းခေါ်သွားတဲ့အချိန် APBn အရာရှိတွေက သတ္တုတုတ်တစ်ချောင်းနဲ့ ပြင်းပြင်းထန်ထန် ရိုက်ပါတယ်။ ပိုက်ဆံမပေးနိုင်ဘူးဆိုရင် ကျွန်တော့်ကို ထောင် ၁၀ နှစ် ချပစ်မယ်လို့ သူတို့ပြောပြီး ကျွန်တော့်ကို ခြိမ်းခြောက်ပါတယ်။ ကျွန်တော့်ကို "ယာဘာ" အမှုနဲ့ စွဲချက်တင်မယ်လို့ သူတို့ပြောပါတယ်၊ ပြီးတော့ ကျွန်တော့်မိသားစုကို ပိုက်ဆံလာပေးဖို့ ပြောခဲ့ပါတယ်။ ကျွန်တော့်မှာ စုဆောင်းထားတာတွေ မရှိတော့တဲ့အတွက် ကျွန်တော့်မိသားစုက အခြားလူတွေဆီကနေ ငွေချေးယူခဲ့ရတယ်" ဟု ၎င်းက ရှင်းပြပြောဆိုခဲ့ပါသည်။

ထိုဒုက္ခသည်အား ဖမ်းဆီးထိန်းသိမ်းခဲ့သည် APBn ရဲအရာရှိနာမည်နှင့် ထိုသူအား ဖမ်းဆီးထိန်းသိမ်းထားခဲ့သည့် ရဲစခန်းအမည်များကို Fortify Rights မှ မှတ်တမ်းသိမ်းထားပါသည်။

အခြားဖြစ်ရပ်တစ်ခုတွင် ရိုဟင်ဂျာဒုက္ခသည် အမျိုးသမီးတစ်ဦးက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် APBn ရဲအရာရှိများက သူမနှင့် သူမ၏ မိသားစုဝင်လေးဦးကို ၎င်းတို့နေထိုင်ရာ ဒုက္ခသည်စခန်းတွင် ရိုက်နှက်ပြီး သူမနှင့် သူမ၏သားကို မဖမ်းဆီးရန် ဘင်္ဂလားဒေ့ရှ် တာကာငွေ ၆၀၀၀ (အမေရိကန်ဒေါ်လာ ၅၅ ခန့်) ကို ၎င်းတို့ထံမှ ညှစ်ယူခဲ့ကြောင်း Fortify Rights အား ပြောကြားခဲ့ပါသည်။

APBn အရာရှိများသည် ကလေးငယ်တစ်ဦးကို ရပ်ရွာညစောင့် အဖြစ်စုဆောင်းခဲ့သည်။ ၎င်းမှာ နိုင်ငံတစ်ကာ ဥပဒေနှင့် စံနှုန်းများအောက်တွင် လူကုန်ကူးမှုမြောက်နိုင်ကြောင်း Fortify Rights အဖွဲ့က ပြောပါသည်။ တာဝန်ကျသည့်တစ်ညတွင် ကလေးငယ်မှာ ခေတ္တအိပ်ပျော် သွားခဲ့ပါသည်။ ထို့နောက် APBn အရာရှိများက ကလေးငယ်ကို ရိုက်နှက်ပြီး မိသားစုအိမ်သို့ ခေါ်ဆောင်ကာ အခြားမိသားစုဝင် လေးဦးကိုလည်း ရိုက်နှက်ခဲ့ပါသည်။

> "ကလေးကို ရိုက်နေတာမြင်တော့ "... သူ့အလုပ်ကို ကောင်းကောင်းလုပ်မနေဘူး" လို့ သူတို့က ကျွန်မကိုပြောတယ်။ သူတို့ ကျွန်မကိုပါတုတ်နဲ့ ရိုက်တာ ခြေထောက်ဒါဏ်ရာတောင်ရသွားတယ်။ တုတ်က အစိမ်းရောင်ပလပ်စတစ်ပတ်ထားတာ၊ အထဲမှာတော့ သတ္တုချောင်းပါ။ တုတ်က တစ်ပေခွဲလောက်ရှည်တယ်။ သူတို့ ကျွန်မအိမ်က တခြားမိသားစုဝင်ကို အကြိမ် ၂၀ နဲ့ ဆွေမျိုးတစ်ယောက်ကို ၁၅ ကြိမ်လောက် ရိုက်သေးတယ်။ ကျွန်မရှေ့မှာလည်း ကလေးလည်ပင်းကို ညှစ်တယ်။ ကျွန်မ ရဲတွေကို ရပ်ဖို့ တောင်းပန်ပါတယ်၊ ဒါပေမဲ့သူတို့က ကျွန်မကိုတွန်းထုတ်လိုက်ပြီး ကျွန်မခြေထောက်ကို ရိုက်တယ်။ သွေးတွေအများကြီးထွက်သွားတယ်" ဟု အထက်ဖော်ပြပါ ရိုက်နှက်ခံရမှုကို မျက်မြင်ကြုံတွေ့ခဲ့တဲ့ အမျိုးသမီးက Fortify Rights ကိုပြောပြပါသည်။

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် Fortify Rights မှ မှတ်တမ်းတင်ထားသော အခြားလူမဆန်သည့် ပြုမူဆက်ဆံမှု ကိစ္စရပ်တစ်ခုတွင် ရိုဟင်ဂျာ အမျိုးသားတစ်ဦးသည် APBn အရာရှိများမှ ရိုက်နှက်၍ ငွေညှစ်ပုံကို ရှင်းပြခဲ့ပါသည်။ "ကျွန်တော့်ကို သူတို့ (APBn အရာရှိများ) စစ်ဆေးရေးဂိတ်ကနေလှမ်းခေါ်တယ်၊ ပြီးတော့ နှစ်ခါရိုက်လိုက်ပြီး တာကာ ၂၀၀၀ (အမေရိကန် ၁၉ ဒေါ်လာခန့်) ဒါဏ်ရိုက်ပြီး ပြန်လွှတ်လိုက်တယ်။ တုတ်က ပလပ်စတစ်ပိုက်လုံးပါ၊ သူတို့ကျွန်တော့်ကို ၂ ချက်ရိုက်ပါတယ်" ဟု ဒေသဈေးတစ်ခုမှ ပြန်လာစဉ်လမ်းမှာ ရဲများကတားခဲ့သည့်အကြောင်းကို သူက Fortify Rights အဖွဲ့အားပြောပါသည်။

အခြားလူတွေ အရိုက်နှက်ခံတာကို မြင်တွေ့ခဲ့သည်ဟု ထိုအမျိုးသားမှ Fortify Rights ကိုပြောပြပါသည်။

> အဲ့ဒီရက် ကျွန်တော်ဈေးသွားတဲ့လမ်းမှာ ရဲတွေက စစ်ဆေးရေးဂိတ်ကနေ လူတွေကို မောင်းထုတ်နေတာဗျ။ လူ ၁၀ ယောက်လောက် အရိုက်ခံရတာ ကျွန်တော်တွေ့ခဲ့တယ်။ ကျွန်တော့်စိတ်ထင် ဒီအဖြစ်အပျက် မတိုင်ခင်မှာ ဘာလူခါလီ စခန်းမှာ မာဂျီ (majhi) (ဒုက္ခသည် စခန်းတွေမှာ ရွေးကောက်ခံမဟုတ်သည့် ရိုဟင်ဂျာ ရပ်ရွာခေါင်းဆောင်) တစ်ယောက် အသတ်ခံခဲ့ရလို့ ထင်ပါတယ်။ ဒုက္ခသည်စခန်းမှာ အခြေအနေက ရုတ်ရုတ်သဲသဲဖြစ်လာပြီးနောက် ရဲတွေက အဲ့လိုလုပ် လိုက်တာ။

နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် ရိုဟင်ဂျာ-ဒုက္ခသည် ဆိုင်ရှင်တစ်ဦးက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် ရဲများသည် မာဂျီ (majhi) တစ်ဦးနှင့် ပေါင်းကာ ၎င်း၏ ဆိုင်သို့လာရောက်ပြီး ဘင်္ဂလားဒေ့ရှ် တာကာငွေ ၈၀၀၀ (အမေရိကန်ဒေါ်လာ ၇၅ ခန့်) ကို ငွေညှစ်ကာ ရိုက်နှက်ခဲ့ကြောင်း၊ အကြောင်းမှာ "Nagad" ဟုခေါ်သော ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု အက်ပလီကေးရှင်း—ဘဏ်အကောင့်ဖွင့်မရသည့်သူများအတွက် ငွေပို့ခြင်းနှင့် လက်ခံခြင်း၊ ဖုန်းငွေဖြည့်သွင်းခြင်းနှင့် အခြားအရာများ ပြုလုပ်၍ရသည့် ဘင်္ဂလားဒေ့ရှ်အစိုးရ ကျောထောက်နောက်ခံပြု အက်ပလီကေးရှင်း—အား ၎င်း၏ဖုန်းတွင် ထည့်သွင်းခြင်းကြောင့်ဟု Fortify Rights အား ပြောပါသည်။

> "ရဲသုံးယောက် ကျွန်တော့်ဆိုင်ကို ရောက်လာတယ်။ သူတို့ထဲကတစ်ယောက်က ကျွန်တော့်ကို ရိုက်တယ်... သူတို့က ကျွန်တော့် Nagad အကောင့်ရဲ့ လျှို့ဝှက်နံပတ်ကိုတောင်းတယ်။ ပြီးတော့ ကျွန်တော့်ကို ကန်တယ်။ ရဲအရာရှိက ကျွန်တော့် ကျောကုန်းကိုကန်တယ်။ သူ ကျွန်တော့်ကို ကန်တော့ ကျွန်တော် ထိုင်ချလိုက်တယ် ပြီးတော့ သူကျွန်တော့်နောက်ကျောကို လက်သီးနဲ့ထိုးတယ်။ ကျွန်တော့်ကိုရိုက်တဲ့ရဲတွေက ဒုက္ခသည်စခန်းတွေမှာ တာဝန်ကျနေတဲ့ရဲတွေပါ။ သူတို့က ကျွန်တော်တို့ကို ကာကွယ်ဖို့ တာဝန်ချထားတာ၊ အဲ့လိုမဟုတ်ပဲ သူတို့က ကျွန်တော်တို့ကို အနိုင်ကျင့်နေတာ။ မာဂျီ (majhi) က ကျွန်တော့်မှာ တရားမဝင် Nagad အကောင့်ရှိတဲ့အတွက် ရဲတွေကို

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

ပိုက်ဆံပေးရမယ်လို့ ပြောတယ်။ ရိုဟင်ဂျာတွေက Nagad သို့မဟုတ် bKash လို ငွေကြေးဝန်ဆောင်မှု အကောင့်တွေ သုံးခွင့်မရှိဘူး” ဟု သူကပြောပါသည်။

“စခန်းတစ်ခုလုံးဟာ ပိရမစ်အကွက်ကျကျ ငွေညှစ်တဲ့အစီအစဉ်တစ်ခုလိုဖြစ်နေတယ်… ဒုက္ခသည်တွေက လက်နက်ကိုင်အဖွဲ့တွေကိုလည်း ငွေပေးဆောင်ရပြီး APBnအဖွဲ့က ခြိမ်းခြောက်ငွေညှစ်ခြင်းလည်း ခံနေရတယ်” ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများရှိ လူသားချင်းစာနာမှု အကူအညီပေးရေးဝန်ထမ်းတစ်ဦးမှ Fortify Rights သို့ပြောကြားခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာဒုက္ခသည်များဝင်ရောက်လာမှုအစတွင် ဘင်္ဂလားဒေ့ရှ်စစ်တပ်သည် ကော့ဘဇားခရိုင်ရှိ ရိုဟင်ဂျာစခန်းများတွင် လုံခြုံရေးကို စီမံကွပ်ကဲခဲ့ပါသည်။ သို့သော်လည်း APBn အထူးတပ်ရင်းနှစ်ရင်းကို ဖွဲ့စည်းပြီးနောက် ၂၀၂၀ ခုနှစ် ဇူလိုင်လမှစတင်၍ ဘင်္ဂလားဒေ့ရှ်တပ်မတော်မှ ဒုက္ခသည်စခန်းများရှိ လုံခြုံရေးတာဝန်များကို APBn သို့ လွှဲပြောင်းပေးခဲ့ပါသည်။ APBn နှင့် အတူ၊ အမျိုးသားလုံခြုံရေးထောက်လှမ်းရေးအဖွဲ့၊ တပ်ဖွဲ့ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်၊ အကြမ်းဖက်မှုနှင့် ဒုစရိုက်နှိမ်နင်းရေးတပ်နှင့် အခြားလုံခြုံရေးအဖွဲ့များ အပါအဝင် လုံခြုံရေးအေဂျင်စီများသည် ဒုက္ခသည်စခန်းများနှင့် အနီးတစ်ဝိုက်တွင်လည်း လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

Fortify Rights သည် ရိုဟင်ဂျာကလေးများနှင့် အခြားဒုက္ခသည်များကို ရိုက်နှက်ခြင်းနှင့် ဖမ်းဆီးခြင်း အပါအဝင် APBn မှ ချိုးဖောက်မှုများကို ယခင်က မှတ်တမ်းတင်ခဲ့ပါသည်။ ရိုဟင်ဂျာဒုက္ခသည်များနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်သားများထံမှ ထွက်ဆိုချက်များသည် APBn အဖွဲ့အတွင်း အဂတိလိုက်စားမှု နှင့် အလွဲသုံးစားလုပ်မှုဆိုင်ရာ အဖွဲ့အစည်းယဉ်ကျေးမှုတစ်ရပ်ကို ညွှန်ပြနေသည် ဟု Fortify Rights က ယနေ့ ပြောကြားလိုက်ပါသည်။

နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံလက်မှတ်ထိုးထားသည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) ၏ အပိုဒ် (၉) မှာ လူတိုင်းလွတ်လပ်ခွင့်ကို အကာကွယ်ပေးထားပါသည်။ ဤအခွင့်အရေးသည် ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည်များအတွက်လည်း အကျုံးဝင်ပါသည်။ ICCPR တွင်ပါရှိသော အခွင့်အရေးများသည် ဒုက္ခသည်များ အပါအဝင် “နိုင်ငံသားများနှင့် နိုင်ငံခြားသားများကြား ခွဲခြားမှုမရှိဘဲ” ကျင့်သုံးသင့်သည်ဟု ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီက အတည်ပြုခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်ကာ ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်သူများအား တာဝန်ခံမှုရှိစေရန်လိုအပ်သည့် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ကြမ်းကြုတ်သော လူမဆန်သော

**United States**
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

**Thailand**
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

**Switzerland**
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
**#rights4all**
fortifyrights.org
fortify.rights@fortifyrights.org

သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသောဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှုဆန့်ကျင်ရေး နိုင်ငံတကာ သဘောတူစာချုပ် (CAT) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး၊ "အစိုးရအရာရှိများ သို့မဟုတ် တစ်ဦးချင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ခုက အကြမ်းဖက်မှု သို့မဟုတ် ကိုယ်ခန္ဓာထိခိုက်နစ်နာမှုမှ အကာအကွယ်ပေးပြီး၊ လူတစ်ဦး၏လုံခြုံရေးနှင့် နိုင်ငံတော်မှ အကာအကွယ်ပေးပိုင်ခွင့်" တို့ကို ပြဋ္ဌာန်းထားသည့် လူမျိုးရေးခွဲခြားမှု ပုံစံအားလုံး ပပျောက်ရေး နိုင်ငံတကာ သဘောတူစာချုပ် (CERD) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။

နိုင်ငံတကာဥပဒေသည် မည်သည့်အခြေအနေတွင်မဆို ညှဉ်းပန်းနှိပ်စက်မှုကိုတားမြစ်ပါသည်။ CAT သဘောတူစာချုပ်အောက်တွင် ညှဉ်းပန်းနှိပ်စက်မှုဆိုရာတွင် သတင်းအချက်အလက်ယူရန်၊ ပြစ်ဒါဏ်ပေးရန်၊ ခြိမ်းခြောက်ရန်၊ အကျပ်ကိုင်ရန် သို့မဟုတ် ခွဲခြားဆက်ဆံရန် သီးခြားရည်ရွယ်ချက်ဖြင့် အစိုးရဝန်ထမ်းတစ်ဦးမှဖြစ်စေ သို့မဟုတ် တစ်စုံတစ်ယောက်မှ အစိုးရဝန်ထမ်း၏ ခွင့်ပြုမိန့်ဖြင့်ဖြစ်စေ ရည်ရွယ်ချက်ရှိရှိ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ပြင်းထန်စွာနာကျင်စေမှု သို့မဟုတ် ထိခိုက်ခံစားစေမှု တို့ပါဝင်သည်။

CAT သဘောတူစာချုပ် အဖွဲ့ဝင်ဖြစ်လာပြီးနောက် ဘင်္ဂလားဒေ့ရှ်သည် ညှဉ်းပန်းနှိပ်စက်မှုနှင့် ချုပ်နှောင်စဉ်အတွင်းသေဆုံးစေမှု (တားမြစ်ချက်) အက်ဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ တိုင်တန်းချက်များအား စုံစမ်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ သက်သေအကာအကွယ်ပေးခြင်းနှင့် လျော်ကြေးငွေများပေးဆောင်ခြင်း လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါသည်။

ထို့အပြင် ဥပဒေအရ စည်းနှောင်မှုမရှိသော်လည်း အကျဉ်းသားများအား ပြုမူဆက်ဆံမှုအခြေခံစည်းမျဉ်းများနှင့် အကျဉ်းသားများအား ပြုမူဆက်ဆံမှုအနိမ့်ဆုံးစံနှုန်းစည်းကမ်းများတွင် ဖမ်းဆီးထိန်းသိမ်းခံလူပုဂ္ဂိုလ်များကို တရားမျှတ၍ လူသားဆန်စွာပြုမူဆက်ဆံမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် အခြေခံလမ်းညွှန်ချက်စည်းမျဉ်းများကိုလည်း ပြဋ္ဌာန်းထားပါသည်။

ဘင်္ဂလားဒေ့ရှ်ရှိ အစိုးရအရာရှိများသည် အဂတိလိုက်စားမှုကို ဟန့်တားရန်နှင့် အကျင့်ပျက်ခြစားသော အလေ့အထများအတွက် တာဝန်ခံမှုမြှင့်လာစေရန် တရားဝင်လုပ်ပိုင်ခွင့်အာဏာရှိသည်။ ဥပမာအားဖြင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ လက်မှတ်ထိုးထားသည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အရ "အကျင့်ပျက်ခြစားမှုကို ပိုမိုထိရောက်စွာ တိုက်ဖျက်ရန် နည်းလမ်းများ" လုပ်ဆောင်ရန်လိုအပ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရာဇသတ်ကြီးဥပဒေပြဋ္ဌာန်းချက်များအရ ပြည်သူ့ဝန်ထမ်းတစ်ဦးမှ ၎င်းတို့၏ တာဝန်ဆောင်ရွက်ရန် သို့မဟုတ် လိုက်နာရန်ပျက်ကွက်မှုများအတွက် တရားဝင် ဒါဏ်ကြေးငွေကောက်ခံခြင်းမှလွဲ၍ ငွေကြေး လက်ခံယူခြင်း၊ လက်ခံရန်သဘောတူခြင်း သို့မဟုတ် အခြားလျော်ကြေးငွေများ ရယူရန် ကြိုးပမ်းခြင်း အပါအဝင် ပြည်သူ့ဝန်ထမ်းတစ်ဦး၏ သီးခြားလုပ်ဆောင်ချက်များမှာ ရာဇဝတ်မှု

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

မြောက်စေသည်။ ထိုအက်ဥပဒေ ချိုးဖောက်မှုများအောက်တွင် ထောင်ဒဏ်နှင့်/သို့မဟုတ် ငွေဒဏ်များ ပါဝင်ပါသည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဘင်္ဂလားဒေ့ရှ် အစိုးရသည် ကုလသမဂ္ဂ အဂတိလိုက်စားမှု ဆန့်ကျင်ရေး သဘောတူစာချုပ် (UNCAC) ကို တရားဝင် သဘောတူလိုက်နာရန်လက်မှတ်ထိုးခဲ့ပါသည်။ UNCAC ၏ အပိုဒ် ၅ တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် “လူ့အဖွဲ့အစည်း၏ ပူးပေါင်းပါဝင်မှုနှင့် တရားဥပဒေစိုးမိုးရေးထင်ရှားလာစေမှု၊ ပြည်သူ့ရေးရာနှင့် ပြည်သူပိုင်ပစ္စည်းများကို မှန်ကန်စွာ စီမံခန့်ခွဲမှု၊ သမာဓိရှိမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို မြှင့်တင်ရန် ထိရောက်ပြီး ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများကို ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း သို့မဟုတ် ထိန်းသိမ်းဆောင်ရွက်ခြင်းတို့ လုပ်ဆောင်သင့်ကြောင်း” ဖော်ပြထားပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (ACC) – အစိုးရ၏ လွတ်လပ်သော အဂတိလိုက်စားမှု ကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့ – သည် APBn အရာရှိများ၏ ခြိမ်းခြောက်ငွေညှစ်မှုနှင့် အကျင့်ပျက်ခြစားမှုများကို လွတ်လပ်သော စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်သင့်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC သည်) ၂၀၀၄ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အက်ဥပဒေအောက်တွင် ဆောင်ရွက်လျက်ရှိပါသည်။ ACC ၏ လုပ်ပိုင်ခွင့်တစ်စိတ်တစ်ပိုင်းအနေဖြင့် ၎င်းသည် "၎င်း၏ ကိုယ်ပိုင်အဆိုပြုချက်ဖြင့် အကျင့်ပျက်ခြစားမှု စွပ်စွဲချက်မှန်သမျှကို စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်သည်။" သို့သော်လည်း လူ့အခွင့်အရေးအဖွဲ့အစည်းများ အပါအဝင် ဝေဖန်သူများက ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများတွင် လွတ်လပ်မှုနှင့် ပွင့်လင်းမြင်သာမှု မရှိခြင်းအပေါ် စိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည် တစ်သန်းကျော်ကို လက်ခံထားပါသည်။ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် မြန်မာစစ်တပ်မှ လူမျိုးတုံးသတ်ဖြတ်မှု၊ အစုလိုက်အပြုံလိုက် မုဒိမ်းကျင့်မှုနှင့် အစုလိုက်အပြုံလိုက် မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့ပြီး ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် ၈၀၀၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အတင်းအကျပ် မောင်းထုတ်ခဲ့ပါသည်။

“ဒုက္ခသည်စခန်းတွေမှာ မတရားညှဥ်းပန်းမှု၊ မတည်ငြိမ်မှုတွေနဲ့ အကျင့်ပျက်ခြစားမှုတွေက ဘယ်သူ့အတွက်မှ မကောင်းပါဘူး” ဟု မက်သယူးစမစ် (Matthew Smith) က ဆိုပါသည်။ "ဒါကာသည် လွတ်လပ်၍ သမာသမတ်ကျသော စုံစမ်းစစ်ဆေးမှုတစ်ခုမှတစ်ဆင့် အကျင့်ပျက်ခြစားသောရဲများကို တာဝန်ခံစေရန် စံနမူနာပြဖို့လိုအပ်ပါတယ်။"

United States
P.O. Box 110
Belfast, Maine, 04915
USA
+1 207 518 7983

Thailand
P.O. Box 56
Santisuk Post Office
Bangkok, Thailand 10113
+66 87 795 5454

Switzerland
78 Route de Florissant
CH 1206
Geneva

FORTIFY RIGHTS
#rights4all
fortifyrights.org
fortify.rights@fortifyrights.org

**သတင်း အချက်အလက်များ ထပ်မံသိရှိလိုပါက အောက်ပါလိပ်စာများထံသို့ဆက်သွယ်နိုင်ပါသည်။**


Matthew Smith၊ အမှုဆောင်အရာရှိချုပ်၊ Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်

+66 85 028 0044 (Signal; WhatsApp)
+1 202 503 8032 (U.S.)
အီးမေးလ်- Matthew.Smith@FortifyRights.org

တွစ်တာ/X - @MatthewFSmith၊ @FortifyRights

Pavani Nagaraja Bhat၊ စုံစမ်းစစ်ဆေးရေးတွဲဖက်အရာရှိ၊ Fortify Rights

ဘာသာစကားများ - အင်္ဂလိပ်၊ ဟိန္ဒီ

+91 80 7323 7136 (Signal)
အီးမေးလ်- Pavani.Nagarajabhat@FortifyRights.org

တွစ်တာ/X - @Curly_Friess၊ @FortifyRights